# The A-Z of Artificial Intelligence

သည်ဘက်နှစ်ပိုင်းတွင် "ဉာဏ်ရည်တု"ဆိုသော နည်းပညာသည် လူ့အဖွဲ့အစည်း တစ်ခုလုံးကို စိန်ခေါ်လာသော နည်းပညာလှိုင်းလုံးကြီးတစ်ခုအဖြစ် လှုပ်လှုပ်ခတ်ခတ် ပေါ်ထွက်လာသည်။ ဉာဏ်ရည်တုနည်းပညာသည် ယခုမှပေါ်ပေါက်လာသော နည်းပညာ မဟုတ်သော်လည်း ယခုမှ လူသားတို့၏ ဖြစ်တည်မှုအရပ်ရပ်ကို ခြိမ်းခြောက်လာခြင်း ဖြစ်သည်။

ဉာဏ်ရည်တုနည်းပညာသည် တစ်ဆင့်ချင်း တိုးတက် ပြောင်းလဲလာသော နည်းပညာဖြစ်ပြီး ဆူနာမီလှိုင်းလုံးကြီးများကဲ့သို့ အဓိကနည်းပညာ လှိုင်းလုံးကြီးအဖြစ် ရုတ်တရက် ပေါ်ထွက်ရိုက်ခတ်လာခြင်း ဖြစ်သည်။

အဓိကကျသော နည်းပညာဆိုင်ရာ ပြောင်းလဲမှုတိုင်းတွင် ဝေါဟာရအသစ်၊ စကားလုံးအသစ်အစဉ်ပင် ဒွန်တွဲ၍ ပါနေကျဖြစ်ပြီး ယင်းကို လေ့လာသင်ယူရမည်ဖြစ်သည်။

ဤစာအုပ်တွင် ထို ပြောင်းလဲလာသော နည်းပညာ AI ခေါ် အသိဉာဏ်တုနှင့် ပတ်သက်၍ မဖြစ်မနေ သိထား၊ နားလည်ထား၊ သဘောပေါက်ထားရမည့် ဝေါဟာရများ၊ အခေါ်အဝေါ်များကို ဖော်ပြထားသည်။ ထိုသို့ဖော်ပြရာတွင် အကြောင်းအရာများကို အလွယ်တကူ ရှာဖွေနိုင်ရန် အဘိဓာန်သဖွယ် A မှ Z အထိ အက္ခရာစဉ်အတိုင်း ဖော်ပြထားပြီး လူတိုင်း နားလည်လွယ်ရန် ဥပမာ၊ ဥပမေယျများဖြင့် ဖွင့်ဆို ရှင်းပြပေးထားသည်။

ထို့ပြင် ဉာဏ်ရည်တုနည်းပညာကို နားလည်ရန်အတွက် လမ်းညွှန်ချက်၊ ဉာဏ်ရည်တုနည်းပညာသမိုင်းကြောင်း အစရှိသည်များကိုလည်း တစ်ဆက်တည်း တင်ပြထားသည်။ လိုအပ်သည့်နေရာများတွင် သရုပ်ဖော်ပုံများ၊ ဓာတ်ပုံများဖြင့် ဖော်ပြပေးထားသည်။